# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာအမှတ်၊ ၆ / ၂၀၁၉**

**၁၃၈၀ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား/အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုလိုက်သည်။

၃။ အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး ပြည်တွင်းတွင် အသုံးမတည့်သောစက်ပစ္စည်းများ စုပုံနေခြင်း ပတ်ဝန်းကျင်ထိခိုက်စေခြင်းများ မဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ အသုံးပြုပြီးသည့် ခုနှစ်(၁၀) နှစ်ထက် မပိုသော တိုက်ရိုက်အသုံးပြုနိုင်မည့် စက်ပစ္စည်းများကို အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်သည် -

(က) တင်သွင်းမည့်စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းအပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည် -

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် ( Model Year )

(၄) ထုတ်လုပ်သည့်နိုင်ငံ ( Country of Origin )

(၅) စက်၏ သုံးစွဲသည့် စွမ်းအင်/လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး)

( ခ ) အသုံးပြုနိုင်သည့် စက်အရည်အသွေးသည် နည်းပညာ (၈၀%) ထက် မနည်းသော အရည်အသွေးရှိရမည်။